# ညောင်ခြေထောက်ကျေးရွာအုပ်စု၊ ညောင်ခြေထောက်ကျေးရွာ၊ အရာတော်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈-၂၀၁၉ ပ(၆)လ)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ

## ညောင်ခြေထောက်ကျေးရွာအုပ်စု၊ ညောင်ခြေထောက်ကျေးရွာ၏

## ကျေးရွာတွင်း / ပြင်ပ အဖွဲ့အစည်းများပြပုံ



## စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ၂၀၁၈ ခု၊ Mini Budgetတွင် (VDP)စီမံကိန်းဆောင်ရွက်မည့်

## ညောင်ခြေထောက်ကျေးရွာ၏ နှစ်အလိုက်ဦးစားပေးစီမံချက်

| စဉ် | စီမံချက်(Project) | ဦးစားပေး အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်း | ၁ | Â | | | | |
| ၂ | ကျေးလက်ကျန်းမာရေးဌာနခွဲပင်မဆောင် အဆောက်အဦဆောက်လုပ်ရန် | ၂ | | Â | | | |
| ၃ | ကုန်ထုတ်လမ်းဆောင်ရွက်ရန် | ၃ | | Â | | | |
| ၄ | မျိုးကောင်းမျိုးသန့်ရရှိရန်နှင့်စိုက်ပျိုးရေး အသိပညာပေးဟောပြောပွဲဆောင်ရွက်ရန် | ၄ | Â | | | | |
| ၅ | စာသင်ကျောင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်း | ၅ | | | | | Â |
| ၆ | စာပေဟောပြောပွဲဆောင်ရွက်ရန် | ၆ | | | Â | | |
| ၇ | စိုက်ပျိုးရေရရှိရေးဆောင်ရွက်ရန် | ၇ | | Â | | | |
| ၈ | အသက်မွေးဝမ်းကျောင်းသင်တန်းပေးရန် | ၈ | | | Â | | |
| ၉ | မင်းရွာ- ညောင်ခြေထောက်ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် | ၉ | | | | Â | |
| ၁၀ | ကျေးလက်ဈေးတည်ဆောက်ရန် | ၁၀ | | | | | Â |

**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**၂၀၁၈ ခု၊ Mini Budgetတွင် (VDP)စီမံကိန်းဆောင်ရွက်မည့်**

**ညောင်ခြေထောက်ကျေးရွာ၏ ဦးစားပေးစီမံချက်**

| စဉ် | စီမံချက်(Project) | ဦးစားပေး အဆင့် |
|---|---|---|
| ၁ | ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်း | ၁ |
| ၂ | ကျေးလက်ကျန်းမာရေးဌာနခွဲပင်မဆောင်အဆောက်အဦဆောက်လုပ်ရန် | ၂ |
| ၃ | ကုန်ထုတ်လမ်းဆောင်ရွက်ရန် | ၃ |
| ၄ | မျိုးကောင်းမျိုးသန့်ရရှိရန်နှင့်စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲဆောင်ရွက်ရန် | ၄ |
| ၅ | စာသင်ကျောင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်း | ၅ |
| ၆ | စာပေဟောပြောပွဲဆောင်ရွက်ရန် | ၆ |
| ၇ | စိုက်ပျိုးရေရရှိရေးဆောင်ရွက်ရန် | ၇ |
| ၈ | အသက်မွေးဝမ်းကျောင်းသင်တန်းပေးရန် | ၈ |
| ၉ | မင်းရွာ-ညောင်ခြေထောက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် | ၉ |
| ၁၀ | ကျေးလက်စျေးတည်ဆောက်ရန် | ၁၀ |

# မာတိကာ


မာတိကာ ၁

စကားချီး ၃

**(၁) နိဒါန်း** ၄

ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

**(၂) ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ**

၅

(က) တည်နေရာ ၊ ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** ၅

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ ပိုင်ဆိုင်မှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) အတန်းပညာကျွမ်းကျင်မှု

(စ) ရပ်ရေးရွာရေး

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

၆

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား–မ ရေးရာ

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းများနှင့် အဟန့်အတားများ**

ဇ

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ** ၁၀

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

**နိဂုံး** ၁၁

- ညောင်ခြေထောက်ကျေးရွာ သယံဇာတပြမြေပုံ
- ညောင်ခြေထောက်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်
- ညောင်ခြေထောက်ကျေးရွာ ကျေးရွာတွင်း/ပြင်ပ အဖွဲ့အစည်းများပြပုံ

**နောက်ဆက်တွဲ**

- ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ နောက်ဆက်တွဲ (၂)
- ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား နောက်ဆက်တွဲ (၃)
- ဦးစားပေးအဆင့်ခွဲခြားသတ်မှတ်ခြင်း
- အကောင်အထည်ဖော်မည့်နှစ်အလိုက် ဦးစားပေးစီမံချက်များ
- ကော်မတီဝင်များစာရင်း
- ကဏ္ဍအလိုက် အကောင်အထည်ဖော်မည့်နှစ်အလိုက် ဦးစားပေးစီမံချက်များ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈ခုနှစ်( ၆)လ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁ -၂၀၂၂ခု ၊ ဘဏ္ဍာရေး နှစ်အထိ ( ၅ ) နှစ်တာ ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်ဖြစ်ပြီး ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ၊ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးကျေးဇူး တင်ရှိပါသည်။စီမံချက်များအတွက်အဖက်ဖက်မှဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများ ၊ ဆယ်အိမ်မှူးများနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် လူမှုရေးအဖွဲ့အစည်းများ ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများ ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သော်လည်း လူထုအင်အားစနစ်တကျ ပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ကျေးရွာသူကျေးရွာသား များ စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်နည်းများကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းလုပ်ဆောင်သည့် အလေ့အကျင့်ကောင်းတစ်ခုကိုရရှိနိုင်အောင်ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်

ပေးပါသည်။ယခုစီမံကိန်းမှ လုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲ

ရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုများကို သိရှိနားလည်လာရုံသာမက

အခြားဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးမှူးရုံးကဲ့သို့ အဖွဲ့အစည်းများမှ ကိန်းဂဏန်းအချက်အလက်များ

ရရှိနိုင်သော နေရာများမှလည်း ကောက်ယူနိုင်ခဲ့ကြပါသည်။ ထို့ပြင် ပညာရေး၊ ကျန်းမာရေး ၊ လူမှုရေးစသည့်

တို့နှင့် သက်ဆိုင်သည့် ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာန

ဆိုင်ရာများမှ သွားရောက်ရယူရန် လိုအပ်ကြောင်းကိုလည်း သိရှိနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံချက်သည် ပြီးပြည့်စုံသည်ဟု မဆိုနိုင်ပါ။ ဘက်ပေါင်းစုံမှ ထပ်မံရရှိသည့်

ကိန်းဂဏန်းအချက်အလက်များကို ထပ်မံဖြည့်ပေးနိုင်မည်ဆိုပါက ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။

ဤလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုအား နှစ်အလိုက်

ပေါ်ပေါက်လာသည့် အခက်အခဲများပေါ်မူတည်၍ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို

မူဘောင်အတွင်းမှ ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်

အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ရာအိမ်မှူးများနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး

ဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်

ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ခြေထောက်ကျေးရွာ

အရာတော်မြို့နယ်

## ၁။ နိဒါန်း

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျေးရွာလူထု၊ ဦးစီးဌာန၊
နိုင်ငံတော်/မိတ်ဖက်အဖွဲ့အစည်းများနှင့် တိုင်ပင်

ဆွေးနွေးညှိနှိုင်းပြီး
ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝလိုအပ်ချက်၊ကျေးရွာသူ/သားများဖြစ်ချင်သောဆန္ဒကို

ကျေးရွာသူ/သားများကိုယ်တိုင်စီမံချက်ရေးဆွဲခြင်း၊ပါဝင်ဆွေးနွေးခြင်းဖြင့်
အောင်မြင်သောစီမံကိန်းတစ်ရပ်ဖြစ်တည်

လာအောင် ဖော်ဆောင်သည့် အစီအစဉ်ဖြစ်ပါသည်။

### ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ကျေးရွာဖွံ့ဖြိုးရေးကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာသူရွာသားများကိုယ်တိုင်
ပါဝင်ခဲ့ကြ

သည်။မူလကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင် အတွေ့အကြုံမရှိသဖြင့်
အောင်မြင်စွာရေးဆွဲနိုင်ခဲ့ခြင်းမရှိပေ။ယခု

နိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင်ပန်းတိုင်ရောက်ရှိရန်
လမ်းစပေါ်ပေါက်ခဲ့ပါသည်။ကျေးရွာရှိအုပ်ချုပ်ရေးမှူး၊

လူမှုကူညီရေးအဖွဲ့အစည်း၊ နာယကအဖွဲ့အစည်း လူကြီးမင်းများနှင့် ညှိနှိုင်းတိုင်ပင်ကာ
ကျွန်တော်တို့အဖွဲ့အစည်းမှ

ရှေ့သို့
တက်လှမ်းနိုင်ခဲ့ပါသည်။ယခင်ဖွဲ့စည်းပုံနှင့်ကျေးရွာတိုးတက်ရေးမှာနှေးကွေးစွာကြန့်ကြာသည့်အပြင်
လူမှုရေး၊

စီးပွားရေး၊ အခြားကဏ္ဍများမှာ ပွင့်လင်းမြင်သာမှုမရှိဘဲ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးသည်
တစ်နှစ်ပြီးတစ်နှစ်

နောက်ကျကျန်ရစ်ခဲ့ပါသည်။လက်ရှိကျေးရွာအား ဖွံ့ဖြိုးတိုးတက်နိုင်စေရန် နိုင်ငံတော်ကို
တင်ပြနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ကျေးရွာ၏ စီးပွားရေးအင်အားမရှိသည့်အလျောက် တိုးတက်ရေးအပိုင်းတွင် စီမံကိန်းရေးဆွဲသလောက် ဆောင်ရွက်

နိုင်ခြင်းမရှိခဲ့ပေ။အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် လက်တွဲပူးပေါင်းကာ လမ်းညွှန်ထားသည့် စည်းကမ်း

ချက်များနှင့် ကိုက်ညီနိုင်စေရန် ကြိုးစား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းသတင်းအချက်အလက်များပြုစုရန်

အရေးကြီးပုံကို အလေးထားမိပါသည်။ ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ရန်နှင့်

အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ကျွန်တော်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း

ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်၊ အစိုးရအဖွဲ့အစည်း

များသို့ တင်ပြမည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်

ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့

၏ သုတေသနလုပ်ငန်းများကို စိစစ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော

ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ

ချမှတ်ခဲ့ပါသည်။ ယခုအခါ ယခင်ကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊

နည်းပညာအခက်အခဲများရှိပါသည်။သို့ဖြစ်ပါ၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်တော်တို့ကျေးရွာဖွံ့ဖြိုးရေး

လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းများကို ဦးစားပေးဆောင်ရွက်ပါ

သည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်အနှီးများ ပြည်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့

ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ညောင်ခြေထောက်ကျေးရွာသည် အရာတော်-ထီးဆောင်းကားလမ်းဘေးမှ (၂)မိုင်အကွာတွင် တည်ရှိ

ပါသည်။ သွားရေးလာရေးမှာ ဆောင်းရာသီ၊ နွေရာသီတွင် လွယ်ကူ၍ မိုးရာသီတွင် သွားရေးလာရေးခက်ခဲပါသည်။

ကျေးရွာသည် မြေပြန့်လွင်ပြင်တွင်တည်ရှိပြီး မြေဆီလွှာအနေအထားမှာ သဲမြေ၊စနယ်မြေများဖြစ်ပါသည်။စိုက်ပျိုးရေး

ကို အဓိကလုပ်ကိုင်ကြပြီး မြေဩဇာကောင်းမွန်မှု အလယ်အလတ်ရှိသောကြောင့် စပါး၊နှမ်း၊မြေပဲနှင့် ပဲအမျိုးမျိုး

စိုက်ပျိုးကြပါသည်။

### (ခ) သဘာဝအရင်းအမြစ်

မြေဆီ၊မြေဩဇာကောင်းမွန်မှု အလယ်အလတ်ရှိသောကြောင့် ဒေသနှင့်ကိုက်ညီမည့် အခြားဈေးကွက်

ကောင်းမွန်သော သီးနှံများ စိုက်ပျိုးရေးအတွက် မျိုးစေ့ရရှိရေး၊ စိုက်ပျိုးရေး အသိပညာဗဟုသုတများရရှိပါက

သီးနှံများအား ပိုမိုစိုက်ပျိုးလာနိုင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

၃။ ကျေးရွာ၏ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များကောက်ယူရာတွင် အိမ်ထောင်စုပေါင်း(၂၉၃)စုရှိ၍

ကျား (၆၇၅)ဦး၊ မ (၇၃၉)ဦး ရှိပြီး စုစုပေါင်း လူဦးရေ(၁၄၁၄) ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင်ပျမ်းမျှ ( ၅ ) ဦးနှုန်း

ရှိသည်။ကျေးရွာတွင် ဗမာလူမျိုးများ အများဆုံးနေထိုင်ပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာလူဦးရေအားလုံး

၏(၇၃.၄%)ရှိပြီး အမျိုးသမီးများမှာ အမျိုးသားအရေအတွက်ထက်(၆၄)ဦး များသဖြင့် အမျိုးသမီးများ ဦးဆောင်ပြီး

လုပ်ကိုင်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမို

အထောက်အကူ ပြုလာနိုင်စေမည်ဖြစ်ပါသည်။

**(ခ) စီးပွားရေးအခြေအနေပိုင်ဆိုင်မှု**

စိုက်ပျိုးရေးလုပ်ငန်းသည် အဓိကဝင်ငွေရ စီးပွားရေးလုပ်ငန်းဖြစ်ပြီး ဝင်ငွေအနေအထားမှာ အသင့်

အတင့်သာရှိပါသည်။ကျေးရွာတွင် လယ်မြေအများစုသည် ဆည်ရေသောက် မိုးကောင်းရေသာအားထား၍ စိုက်ပျိုးနိုင်

သောကြောင့် စီးပွားရေးအသင့်အတင့် ကောင်းပါသည်။



**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသည် ရာသီအလိုက်ကျပန်းလုပ်ငန်းများ လုပ်ကိုင်သကဲ့သို့

အခြားဒေသသို့ အလုပ်အကိုင်ရှာဖွေ၍ သွားရောက်လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင်လက်လုပ်လက်စားများ ရှိသော်

လည်း သူတို့၏ ဝမ်းစာဖူလုံမှုအခြေအနေကို ကိုယ်တိုင်ဖြေရှင်း ဆောင်ရွက်နိုင်ကြပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာ၏ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပြီး

မင်းစံပြကျေးရွာတိုက်နယ်ဆေးရုံသည်(၃)မိုင်ခန့် ကွာဝေးပြီး၊(၁၄) မိုင်ကွာဝေးသော အရာတော်မြို့ပြည်သူ့ဆေးရုံကြီး

တွင်လည်း ဆေးကုသမှုခံယူရပါသည်။မိုးရာသီတွင် ဝမ်းပျက်၊ဝမ်းလျှောရောဂါများအဖြစ်များပါသည်။အာဟာရအနေ

ဖြင့် ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား/သူများအား အပတ်စဉ် အာဟာရတိုက်ကျွေးခြင်း

လုပ်ငန်းများအား ဆောင်ရွက်ပေးပါသည်။

**(င) အတန်းပညာကျွမ်းကျင်မှု**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အလယ်တန်းအဆင့်သာရှိပါသည်။ ကျေးရွာသူ / သားများ

သည် အခြေခံအရေး ၊ အဖတ် ၊ အတွက် တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက်မှာ အသင့်အတင့်သာရှိပါသည်။

အချို့ရွာသူရွာသားများမှာလည်း စာပေဗဟုသုတများလေ့လာရန်အတွက် ကျေးရွာစာကြည့်တိုက်တွင် စာပေများ

လေ့လာကြပါသည်။ မျိုးဆက်သစ်ကျောင်းသား/သူများကလည်း စာပေတတ်မြောက်ရန်အတွက် အခြေခံပညာရေးကို

ကျေးရွာတွင်းရှိ အလယ်တန်းကျောင်း၌ တက်ရောက်သင်ကြားနေကြ ပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်း

လုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့်

အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

**(စ) ရပ်ရေးရွာရေး**

ကျေးရွာ၏ရပ်ရေးရွာရေးလုပ်ငန်းများကို အဖွဲ့အစည်းပေါင်းစုံမှ ပုဂ္ဂိုလ်များဦးဆောင်၍ လုပ်ကိုင်

ဆောင်ရွက်နေကြပါသည်။ရွာသူ/သားများမှာလည်းမည့်သည့်လုပ်ငန်းကိုမဆိုစည်းလုံးညီညွတ်စွာနှင့်ဝိုင်းဝ န်းလုပ်ကိုင်

ဆောင်ရွက်ကြပါသည်။ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများလည်း တက်ကြွစွာပါဝင်ဆောင်ရွက်နေကြပါ

သည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း အဖွဲ့အစည်းများအလိုက် အမျိုးသမီးများ တက်ကြွစွာပါဝင်နေကြ

သည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်း

ဆောင်ရွက်ကြပါသည်။ အမျိုးသမီးအဖွဲ့ ၊ ပရဟိတအဖွဲ့ ၊ ဘုန်းတော်ကြီးကျောင်းဂေါပကအဖွဲ့ ၊ အရံမီးသတ်တပ်ဖွဲ့၊



လမ်းတံတားအဖွဲ့နှင့် မီးလင်းရေးအဖွဲ့တို့ဖြစ်သည်။ကျေးရွာတွင် သာရေးနာရေး၊လူမှုရေးကိစ္စကြီးငယ်ပေါ်ပေါက်လျှင်

ရွာသူ/သားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သောအလေ့အကျင့်ကောင်းများရှိပါသည်။ပြင်ပမှအသေးစား

ချေးငွေအဖွဲ့များနှင့် အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့်ဖွဲ့စည်းထားသော ကျေးရွာအဖွဲ့

အချို့ရှိသော်လည်း သက်ဆိုင်ရာစီမံချက်လုပ်ငန်း အကောင်အထည်ဖော်ရုံသဘောမျှသာ ဖွဲ့စည်းထားသည့် ပုံစံဖြစ်ပါ

သည်။သို့သော် ပြင်ပမှအသေးစားချေးငွေအဖွဲ့များနှင့် အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏လုပ်ဆောင်မှု

အားကောင်း၍ လုပ်ငန်းများလုပ်ကိုင်ရာတွင် အရင်းအနှီးရသည့်အတွက် အဆင်ပြေကြောင်းတွေ့ရသည်။ ခြုံငုံ၍

သုံးသပ်ရလျှင် သာရေးနာရေးကိစ္စများဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်းထားသောအဖွဲ့အစည်းများကအားကောင်း

ကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ် မရှိပါ။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံ

သည် စပါး ၊ နှမ်း ၊ ပဲအမျိုးမျိုးနှင့် ဆောင်းရာသီတွင်ဆောင်းမြေပဲကိုလည်း စိုက်ပျိုးကြပါသည်။ကျေးရွာတွင် စိုက်ပျိုး

လယ်မြေ(၁၁၈၇.၁၇)ကေရှိပြီး တစ်နှစ်လျှင် စပါးတင်းရေ (၄၇၅၀၀) တင်း ထွက်ရှိပါသည်။ ယာမြေ (၂၁၀၉.၃) ဧက

ရှိပြီး တစ်နှစ်လျှင် နှမ်းတင်းရေ( ၁၈၃၀၀၀ ) တင်းထွက်ရှိပြီး မြေပဲအထွက်နှုန်းမှာ တင်းရေ ( ၂၇၀၀၀ )တင်း ထွက်ရှိ

ပါသည်။ပဲစဉ်းငုံနှင့် ပဲအမျိုးမျိုးသည် ဈေးကောင်းရရှိမှုနည်းသောကြောင့်အကျိုးအမြတ်ရရှိမှုနည်းပါးသည်။မိရိုးဖလာ

စိုက်ပျိုးလာသော သီးနှံများကိုသာ စိုက်ပျိုးနိုင်ကြပြီး အခြားဈေးကွက်ဝင်သီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ခြင်း မရှိပါ။

တောင်သူများ သီးနှံထုတ်လုပ်မှုသည် ဝင်ငွေနည်းသည့်အတွက် သီးနှံထုတ်လုပ်မှုတွင် လုပ်သားရှားပါးလာပါသည်။

နွားမွေးမြူရေးနှင့် ကြက်၊ဝက်များကို စီးပွားဖြစ် မွေးမြူကြသူ အနည်းငယ်ရှိပါသည်။

**(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

ကျေးရွာတွင် ကျေးရွာသူ / သားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်ရန် အဝီစိ

စက်တပ်ရေတွင်းနှင့် လက်ငင်ရေတွင်းများအား အိမ်ထောင်စုတိုင်း သုံးစွဲနိုင်ကြသည်။

ကျေးရွာတွင် အလယ်တန်းကျောင်း ရှိပါသည်။ စာသင်ကျောင်း၏ ကျောင်းခြံစည်းရိုးအနေဖြင့်

ကျောင်း၏ အရှေ့မျက်နှာစာနှင့် ဘေးနှစ်ဘက်တို့တွင် ခြံစည်းရိုးကာရံထားပြီးဖြစ်သော်လည်း ခြံစည်းရိုးတစ်ဖက်မှာ

ကာရံနိုင်ခြင်း မရှိသေးပါ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ပင်မအဆောက်အဦး ဆောင်လုပ်နိုင်မှု

မရှိသေးပါ။သို့သော် ကျန်းမာရေးဌာနနှင့် ကျေးရွာမှ ပူးပေါင်း၍ ကျန်းမာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ

ဆောက်လုပ်ထားပါသည်။

ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီလည်း ဖွဲ့စည်းထားမှုရှိသည်။ ကျေးရွာအိမ်ထောင်စုများမှ စိုက်ထုတ်ထည့်ဝင်ပြီး မြို့နယ်လျှပ်စစ်ဌာနသို့ တင်ပြ၍ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေး ဆောင်ရွက်နေခြင်း

ဖြစ်သည်။ ယခုအခါ ကျေးရွာအိမ်ထောင်စုများမှ သတ်မှတ်ထည့်ဝင်ထားသော ငွေကြေးအနေဖြင့် ပြည့်မီအောင်

ထည့်ဝင်နိုင်ခြင်းမရှိသေးသောကြောင့် လျှပ်စစ်မီးကြိုးများ လိုင်းဆွဲသွယ်တန်းနိုင်ရန်အခက်အခဲရှိနေပါသည်။လျှပ်စစ်

မီးလင်းရေးအတွက် လမ်းမီးတိုင်များ ဝယ်ယူစိုက်ထူခြင်း၊ မီးလိုင်းများဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မြန်မာ့
လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုး/ဆောင်းဘဏ်ချေးငွေများအား နှစ်စဉ်နှစ်တိုင်း ထုတ်ချေးပေးလျက်ရှိရာ တစ်ဧကလျှင်
(၅၀၀၀၀) ကျပ်နှုန်းဖြင့် ထုတ်ချေးပါသည်။ အခြား အသေးစားချေးငွေဝန်ဆောင်မှုအနေဖြင့် ပြည်ပချေးငွေဖြစ်သည့်
Pact Myanmar သည် (၁၄)ရက် တစ်ပတ် ပေးသွင်းရပါသည်။

**(င) ပညာရေး**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာသူ/
သားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်အချက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့်
ဘွဲ့ရသူများလည်း ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းမရှိသောကြောင့် မင်းကျေးရွာ
အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားရပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု
သင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်မှု အားနည်း
နေခြင်းဖြစ်သည်။

**(စ) ကျန်းမာရေး**

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု
နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားတတ်ပြီး လူငယ်လူကြီးများတွင်

မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ မိသားစုဝမ်းစာအတွက် နေ့စဉ်ဝင်ငွေရရှိအောင် အလုပ်အကိုင်

အထိုက်အလျောက် လုပ်ကိုင်ကြသည့်အတွက် အသင့်အတင့်အဆင်ပြေပြီး ကျေးရွာအိမ်ထောင်စုဝင်များ၊ ကလေး

သူငယ်များအပါအဝင် ယေဘုယျအားဖြင့် အာဟာရချို့တဲ့မှု မရှိကြပါ။ အမျိုးသမီးများအတွက် ကျန်းမာရေး

စောင့်ရှောက်မှုကို ကျေးရွာနှင့် (၃) မိုင်ကွာဝေးသော မင်းကျေးရွာတိုက်နယ်ဆေးရုံမှ ရရှိကြသည်။ ကလေးသူငယ်

များအတွက် ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှ နှစ်စဉ်ဆောင်ရွက်ပေး

ပါသည်။

**(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာမှ လယ်မြေများသည် မိုးကောင်းလယ်များ၊ဆည်ရေသောက်လယ်များဖြစ်၍ နှစ်စဉ် စပါးများ စိုက်ပျိုးကြပြီး ဓါတုဗေဒကွန်ပေါင်း ဓါတ်မြေဩဇာများအသုံးပြုခြင်း ၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ်

မထည့်သွင်းနိုင်ခြင်းတို့ကြောင့် မြေဆီလွှာပျက်ယွင်းမှုများနှင့် ကြုံတွေ့နေရပါသည်။ နှမ်း ၊ မြေပဲ ၊ ပဲအမျိုးမျိုးတို့

စိုက်ပျိုးရာတွင် ပိုးသတ်ဆေးများ အသုံးပြုရသောကြောင့် သဘာဝပတ်ဝန်းကျင်ကို အနည်းငယ်ထိခိုက်မှု ရှိပါသည်။

ပိုးသတ်ဆေးများအသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့ပါးခြင်းအတွက် ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်

များကို လိုက်နာဆောင်ရွက်ခြင်းတွင် အားနည်းနေသေးကြောင်း တွေ့ရှိရပါသည်။



**(ဇ) ကျား-မ ရေးရာ**

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်

လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ အဝတ်လျှော်၊ ရေခပ်၊ ကလေးထိန်း

ခြင်းစသောကိစ္စများဆောင်ရွက်သည်။စိုက်ပျိုးရေးလုပ်ငန်းတွင် အမျိုးသမီးများသည် ပေါင်းနုတ်ခြင်း၊အမှိုက်ကောက်

ခြင်းများလုပ်ကိုင်ကြပြီး အမျိုးသားများသည် လယ်ထွန်ခြင်း ၊ ချုံနွယ်များ ရှင်းလင်းခြင်းစသည့် လုပ်ငန်းများ

လုပ်ကိုင်ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် ( ရှင်ပြုအလှူပွဲများ ကျင်းပခြင်း၊

ဘုန်းတော်ကြီးကျောင်းဆရာတော်၏ ဦးဆောင်မှုဖြင့် တရားပွဲများကျင်းပခြင်း) အမျိုးသမီးများသည် အမျိုးသားနှင့်

အတူ ပူးပေါင်းဆောင်ရွက်ကြသည်။ စိုက်ပျိုးရေးနှင့် ကျပန်းလုပ်ငန်းများတွင် အမျိုးသားများသည် အမျိုးသမီးများ

ထက် လုပ်အားခ ပိုမို ရရှိကြပါသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏

အခန်းကဏ္ဍနည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးအထိ ကျားမ

တန်းတူအခွင့်အရေးရှိပါသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၊ အဟန့်အတားများနှင့်**

**ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် 11KVဓါတ်အားလိုင်းမှာ ကျေးရွာနှင့် ( ၁) မိုင်အကွာတွင် တည်ရှိခြင်း ၊

လျှပ်စစ်မီးလင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် NEP Phase – 1 အစားထိုးလျာထားဆောင်ရွက်မည့် ကျေးရွာ

စာရင်းတွင်ပါဝင်သောကြောင့် မီးတိုင်များ၊ မီးကြိုးများ၊ ထရန်စဖော်မာများ စသည့်
ပံ့ပိုးမှုအထောက်အပံ့ကောင်းများ

ရရှိရန် အခြေနေကောင်းများရှိသည်။ ကျေးရွာလူထုထံမှ လျှပ်စစ်မီးလင်းရေးအတွက်
ထိုက်သင့်သောငွေကြေးများ

စုဆောင်းထားရှိသော်လည်း ငွေကြေးမလုံလောက်ခြင်း ၊ နည်းပညာပိုင်းဆိုင်ရာလက်လှမ်းမီမှု
အားနည်းခြင်းနှင့်

ကျေးရွာတွင်းလမ်းများ ချဲ့ထွင်ခြင်း၊ လမ်းဘေးဝဲယာရေနုတ်မြောင်းများ ဆောင်ရွက်စဉ်ကလည်း
အခက်အခဲများနှင့်

ရင်ဆိုင်ခဲ့ရပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် 11KVဓါတ်အားလိုင်းသည်
ကျေးရွာနှင့်

(၁) မိုင်အကွာတွင် တည်ရှိခြင်း၊ လျှပ်စစ်မီးလင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် NEP Phase –1
အစားထိုး

လျာထားဆောင်ရွက်မည့် ကျေးရွာစာရင်းတွင်ပါဝင်သောကြောင့် မီးတိုင်များ၊ မီးကြိုးများ၊
ထရန်စဖော်မာများ စသည့်

ပံ့ပိုးမှုအထောက်အပံ့ကောင်းများရရှိရန် အခြေနေကောင်းများရှိသည်။ကျေးရွာလူထုထံမှ
လျှပ်စစ်မီးလင်းရေးအတွက်

ထိုက်သင့်သော ငွေကြေးများ စုဆောင်းထားရှိပါသည်။ ကျေးရွာတွင်းလမ်းများမှာလည်း လမ်းများချဲ့ခြင်း၊
လမ်းဘေး

ဝဲယာရေနုတ်မြောင်းများ ဆောင်ရွက်ထားပြီး ဖြစ်သောကြောင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်း
ဆောင်ရွက်ရန် အတွက် အဆင်ပြေမှု ရှိပါသည်။ ကျေးရွာလူထုမှလည်း တက်ကြွစွာ
ပူးပေါင်းဆောင်ရွက်နိုင်မှု အားကောင်းပါသည်။



နည်းပညာပိုင်းဆိုင်ရာနှင့် ငွေကြေးထောက်ပံ့မှုများ လက်လှမ်းမီမှုရှိပါက
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

အတွက် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အထောက်အပံ့ ဖြစ်စေပါမည်။ ကျေးရွာ၏ ကဏ္ဍအသီးသီးမှ လက်ရှိဖွံ့ဖြိုးမှု

အခြေအနေများတွင် ပညာရေးအနေဖြင့် အခြေခံပညာအလယ်တန်းကျောင်းအဆင့်ရှိပြီး၊ ကျန်းမာရေးစောင့်ရှောက်မှု

အနေဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲ၏ ဝန်ထမ်းအိမ်ရာဆောက်လုပ်ထားမှု ရှိပါသည်။

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလူထုထံမှ လျှပ်စစ်မီးလင်းရေးဆောင်ရွက်နိုင်ရန် ထိုက်သင့်သော

ငွေကြေးများ စုဆောင်းထားရှိသော်လည်း လုံလောက်မှုမရှိသည့်အတွက် ဆောင်ရွက်နိုင်ခြင်း မရှိပါ။ လျှပ်စစ်မီးလင်း

ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ပံ့ပိုးမှုငွေကြေး အခက်အခဲများရှိခြင်း ၊ နည်းပညာပိုင်းဆိုင်ရာနှင့် လက်လှမ်းမီမှု

အားနည်းခြင်း စသည့်အချက်များကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတား ဖြစ်စေပါသည်။ကျေးရွာ

တွင်းလမ်းများ ချဲ့ထွင်ခြင်း၊ လမ်းဘေးဝဲယာရေနှုတ်မြောင်းများ ဆောင်ရွက်စဉ်ကလည်း အခက်အခဲများနှင့်ရင်ဆိုင်ခဲ့

ရပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်တာ ကာလ

အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်–

(၁)	မိမိတို့နေထိုင်သောကျေးရွာသည် ဘာသာရေး ၊ ပညာရေး ၊ စီးပွားရေး ၊ လူမှုရေး စသည့် ဖွံ့ဖြိုးရေး

လုပ်ငန်းများကို အတူတကွစုပေါင်းဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ်သော စံပြကျေးရွာ ဖြစ်လာ

စေရမည်။

(၂)	မိမိတို့နေထိုင်သော ကျေးရွာသည် သတင်းအချက်အလက်နှင့် နည်းပညာဗဟုသုတ တိုးတက်ကောင်း

မွန်လာမည်ဖြစ်သဖြင့် အသိအမြင် ကျယ်ပြန့်လာခြင်း၊ လျှပ်စစ်မီးရရှိလာသောကြောင့် တပိုင်တနိုင်

အိမ်တွင်းမှု စက်မှုလုပ်ငန်းများ လုပ်ကိုင်လာနိုင်ခြင်း ၊ လက်ယက္ကန်းမှ စက်ယက္ကန်းဖြင့် အဆင့်မြင့်

ဆောင်ရွက်လာနိုင်ခြင်းကြောင့် ကျေးရွာ၏ လူမှုစီးပွားအခြေအနေများ ပိုမိုကောင်းမွန်လာမည် ဖြစ်ပါ

သည်။



**(ခ)	အကောင်အထည်ဖော်နည်းဗျူဟာ**

**ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြသော ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ အောင်မြင်ရန်**

**အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-**

ကျေးရွာတွင် နည်းပညာပိုင်းဆိုင်ရာနှင့် ၊ ငွေကြေးထောက်ပံ့မှုများ ရရှိရေးတို့ကို ဆောင်ရွက်ပြီး

ကျေးရွာသူ/ သားများအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်၍ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်

သွားမည်။

**နိဂုံး**

ကျေးရွာလူထု၏လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာလူထု၏ ပူးပေါင်း

ပါဝင်မှုရရှိရေး၊ လိုအပ်သောအထောက်အပံ့များရရှိရန် ပြင်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေး

အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖွံ့ဖြိုးရေးကွင်းဆက်ပါလုပ်ငန်းများ

ကိုလည်း (၅) နှစ်တာကာလအတွင်း အောင်မြင်ပြီးမြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

ဖြစ်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၈ | ၈ | ၁၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၃၇ | ၃၁ | ၆၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၅၁ | ၄၂ | ၉၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၇ | ၃၀ | ၆၇ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၈၅ | ၅၃၄ | ၁၀၁၉ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၅၇ | ၉၄ | ၁၅၁ |
| **စုစုပေါင်း** | | **၆၇၅** | **၇၃၉** | **၁၄၁၄** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၉၃** | | |

**လေ့လာတွေ့ရှိချက်။ ။ ညောင်ခြေထောက်ကျေးရွာမှာ (၁)နှစ်အောက်မှ (၉)နှစ်အရွယ်ထိ ၁၀%ရှိပြီး (၉)နှစ်မှ (၁၄)နှစ်ထိ ၂၀%ရှိပါသည်။(၁၅)နှစ်မှ (၆၄)နှစ်ထိ အရွယ်မှ အများအပြား ၆၀%မှာ အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်သူများ ဖြစ်ပါသည်။ ၆၅နှစ်အထက် အသက်ကြီးအဖိုးအဖွားများနည်းပါးပြီး ၁၀%ရှိကြောင်းတွေ့ရှိပါသည်။**

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၀၇ | ၆၁၈ | ၃ | မြင့်☑လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၈၆ | ၂၃၂ | ၂ | မြင့်☐လတ်☑နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☑ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | ၂၃ | | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၂၉၃ | ၈၇၃ | ၅ | ☒ |

**ရင်းမြစ်…** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ညောင်ခြေထောက်ကျေးရွာမှာ လယ်ယာစိုက်ပျိုးရေးသည် အဓိကဖြစ်ပါသည်။**

**အလုပ်သမားနည်းပါးပါသည်။တိရိစ္ဆာန်မွေးမြူရေးအလယ်အလတ်ရှိပါသည်။အပ်ချုပ်လုပ်ကိုင်သူအနည်းငယ်ရှိပါသည်။ယာဉ် စက်ကိရိယာပြုပြင်သူမရှိပါ။**

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ် ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၃၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။ ညောင်ခြေထောက်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အလုပ်သမား (၁)ယောက် တစ်ရက်ဝင်ငွေမှာ(၅၀၀၀)ကျပ်ဖြစ်၍ ပန်းရံလက်သမားလုပ်ငန်းတွင် အလုပ်သမား (၁)ယောက်တစ်ရက်ဝင်ငွေ မှာ (၈၀၀၀)ကျပ်အနည်းဆုံး ဝင်ငွေ(၆၀၀၀)နှုန်း ရရှိသည်ကို တွေ့ရပါသည်။**

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၁၈၉.၁၇ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂၁၀၉.၃၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၇၄ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စုစုပေါင်း | ၃၃၇၂.၄၇ | ☒ |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ညောင်ခြေထောက်ကျေးရွာတွင် လယ်မြေ၊ ယာမြေများစွာရှိပါသည်။ ဓနိတောပေါက်ရောက်မှု မြေမရှိပါ။ စားကျက်မြေနည်းပါးပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☑ နည်း☐ မရှိ☐ | လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☑ သင့်☐ နည်း☐ မရှိ☐ | လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ညောင်ခြေထောက်ကျေးရွာတွင် ကျောက်၊ သဲများ လွယ်ကူစွာ ရယူနိုင်သည်ကို တွေ့ရပါသည်။

**(ဃ) ဥတုရာသီအဆင့်အခြေအနေ**

**ဇယား (၆) ဥတုရာသီအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅၀-၆၀ | ၁၅-၃၀ | ၁-၁၅ | မရှိ |
| အိမ်အခြေအနေ | ၂ထပ်တိုက် | ၁ထပ်တိုက် | သွပ်မိုး၊ နံကပ် | ထန်းရွက်မိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ထော်လာဂျ ဂျီ လိုက်ထရပ်၊လ က်တွန်း၊ဆိုင်က ယ်၊ ဖုန်း၊တီဗွီ | ဆန်စက်၊ဆီစက် လိုက်ထရပ်၊လက် တွန်း၊ဆိုင်ကယ်၊ ဖုန်း၊တီဗွီ၊စက်ဘီး | ဆိုင်ကယ်၊ဖုန်း၊တီ ဗွီ စက်ဘီး | ခလုတ်ဖုန်း |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး အရောက်အဝယ် | စိုက်ပျိုးရေး အရောက်အဝယ် | စိုက်ပျိုးရေး | ကူလီကျပန်း |
| အိမ်ထောင်စု | ၂၉ | ၇၃ | ၁၂၃ | ၆၁ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။ ညောင်ခြေထောက်ကျေးရွာတွင် ဥစ္စာဓနအဆင့်အခြေအနေ**

**အဆင်ပြေသောအိမ်ထောင်စု**

**ရှိသကဲ့သို့ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာလည်း**

**ကြိုးစားရုန်းကန်နေကြရပါသည်။**

**မပြေလည်သောအိမ်ထောင်စုများမှာ အမျိုးအမျိုးအဖုံဖုံ ဘဝကို လှုပ်ရှားရုန်းကန်နေကြရပါသည်။**

**အလွန်မပြေ**

**လည်သောအိမ်ထောင်စုများသည်လည်း နေ့မအား ညမအားဖြင့် ဘဝကို လှုပ်ရှား ရုန်းကန်**

**နေကြရပါသည်။**

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**
(ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား= ___________<br>အထောက်အပံ့ယူ = _________<br>ချေးယူ = ________<br>လုပ်အားခကြိုယူ= ___________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား= ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား= ___________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |

**ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။**

(င-၂)  ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
